# ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏
# ညွှန်ကြားချက်များ

<table>
<tr><th>စဉ်</th><th>ထုတ်ပြန်သည့်ရက်စွဲနှင့်စာအမှတ်</th><th>အကြောင်းအရာ</th><th>မှတ်ချက်</th></tr>
<tr><td>၁။</td><td>၂၀၁၅-ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်<br>အုပ်ချုပ်-စီမံ/၀၂/၃(၄၃၆၆)၂၀၁၅</td><td>နေပြည်တော်ကောင်စီနယ်မြေနှင့် ပြည်နယ်/တိုင်းဒေသကြီးများတွင် အသစ်တည်ဆောက်ဖွင့်လှစ်မည့် စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းများအတွက် အနည်းဆုံးရှိသင့်သည့်မြေနေရာအကျယ်အဝန်း၊ ဖြန့်ဖြူးရောင်းချရန် သိုလှောင်ခွင့်ပြုမည့်စနစ်တို့ကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဆောင်ရွက်ရန် ဖြစ်ပါသည် -<br>
<table>
<tr><th rowspan="2">စဉ်</th><th rowspan="2">မြေအကျယ်အဝန်း<br>(စတုရန်းပေ)</th><th rowspan="2">အနည်းဆုံးရှိရမည့်မျက်နှာစာအကျယ်<br>(ပေ)</th><th colspan="2">သိုလှောင်နိုင်သည့်ပမာဏ</th><th rowspan="2">သိုလှောင်မှုစနစ်</th></tr>
<tr><th>အနည်းဆုံး<br>(ဂါလန်)</th><th>အများဆုံး<br>(ဂါလန်)</th></tr>
<tr><td>၁</td><td>၃,၂၀၀၀ နှင့်အထက်</td><td>၄၀</td><td>-</td><td>၃,၂၀၀</td><td rowspan="6">မြို့တွင်းဖြစ်ပါက မည်သည့်စက်သုံးဆီအမျိုးအစားကိုမဆို မြေအောက်သံကန်များနှင့်သာသိုလှောင်ရမည်။ မြို့အပြင်ဖြစ်ပါက ဓာတ်ဆီအားမြေ အောက်သံကန်များအဖြစ်လည်းကောင်း၊ ဒီဇယ်ဆီအားမြေပေါ် (သို့မဟုတ်)မြေအောက်သံကန်များအဖြစ်လည်းကောင်း၊သိုလှောင်ရမည်။</td></tr>
<tr><td>၂</td><td>၈,၀၀၀ နှင့်အထက်</td><td>၅၀</td><td>၃,၂၀၀</td><td>၁၂,၈၀၀</td></tr>
<tr><td>၃</td><td>၁၀,၀၀၀ နှင့်အထက်</td><td>၈၀</td><td>၃,၂၀၀</td><td>၂၆,၀၀၀</td></tr>
<tr><td>၄</td><td>၁၅,၀၀၀ နှင့်အထက်</td><td>၁၀၀</td><td>၃,၂၀၀</td><td>၃၆,၀၀၀</td></tr>
<tr><td>၅</td><td>၂၀,၀၀၀ နှင့်အထက်</td><td>၁၀၀</td><td>၃,၂၀၀</td><td>၅၂,၀၀၀</td></tr>
<tr><td>၆</td><td>၂၅,၀၀၀ နှင့်အထက်</td><td>၁၀၀</td><td>၃,၂၀၀</td><td>၆၄,၀၀၀</td></tr>
</table></td><td></td></tr>
<tr><td>၂</td><td>၂၀၁၈-ခုနှစ်၊ ဇွန်လ ၁၈ ရက်<br>MOEE-၁/၁၈(ကြီးကြပ်-၂)(၉၂၅၇)၂၀၁၈</td><td>၃၁ - ၅ -၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီအစည်းအဝေး (၁၅/၂၀၁၈)ဆုံးဖြတ်ချက်အရ စီးပွားရေးလုပ်ငန်း ၊စက်မှုလုပ်ငန်းနှင့် လူနေအဆောက်အဦများတွင် ပိုက်လိုင်းကွန်ရက်စနစ်တပ်ဆင်၍ ရေနံဓာတ်ငွေ့ရည် အသုံးပြုလိုသူလုပ်ငန်းရှင်၊ ကုမ္ပဏီအဖွဲ့အစည်းများသည် လုပ်ငန်းတည်နေရာ၊ တည်ဆောက်မည့် Layout Plan, Design & Detail Drawing များနှင့်အတူ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းသို့ ခွင့်ပြုထုတ်ပေးသော ရေနံဓာတ်ငွေ့ရည်လုပ်ငန်းလိုင်စင်(ဆ) လျှောက်ထားရယူရမည် ဖြစ်ပါသည်။</td><td></td></tr>
</table>

| | | | |
|---|---|---|---|
| ၃ | ၂၀၁၈-ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်<br>MOEE-၁/၁၈(ကြီးကြပ်-၂)(၁၁၄၈၉)၂၀၁၈ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ (၂/၂၀၁၈)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်အရ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များတွင် စံခြင်ခွက်များထားရှိစေရန်၊ ဝယ်ယူသုံးစွဲသူများထံသို့ အသိပေးကြေညာချက်များ ထင်ရှားမြင်သာအောင် ထားရှိစေရန်နှင့် အရောင်းဆိုင်ဝန်ထမ်းများအား တူညီဝတ်စုံဝတ်ဆင်ရမည်ဖြစ်ပါသည်။ | |
| ၄ | ၂၀၁၈-ခုနှစ်၊ ဩဂုတ်လ ၂ ရက်<br>MOEE-၁/၁၈(ကြီးကြပ်-၂)(၁၁၈၅၄)၂၀၁၈ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ (၂/၂၀၁၈) ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်အရ ပုဂ္ဂလိကစက်သုံးဆီလုပ်ငန်းရှင်များအနေဖြင့် စက်သုံးဆီတင်သွင်းသိုလှောင်ပို့ဆောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများအားစနစ်တကျ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားနိုင်ရန်အတွက် စက်သုံးဆီလုပ်ငန်း ဆောင်ရွက်သူများအား မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း (MPTA) သို့ ဝင်ရောက်နိုင်ရေး (MPTA) နှင့်ချိတ်ဆက်ဆောင်ရွက်ရန် ဖြစ်ပါသည်။ | |
| ၅ | ၂၀၁၈-ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်<br>MOEE-၁/၁၈(ကြီးကြပ်-၂)(၁၃၁၂၅)၂၀၁၈ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ(၂/၂၀၁၈)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်အရ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များတွင် စံခြင်ခွက်များထားရှိရာတွင် ဂါလန်စနစ် ရောင်းချပါက (၄)ဂါလန်စံခြင်ခွက်ထားရှိရမည်ဖြစ်ပြီး လီတာစနစ်ဖြင့် ရောင်းချပါက (၂၀)လီတာစံခြင်ခွက် ထားရှိရမည်ဖြစ်ကြောင်း၊ ဝယ်ယူသုံးစွဲသူများထံသို့ အသိပေးကြေညာရာတွင်လည်း အခြင်အတွယ်ပြည့်မီမှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက တိုင်ကြားရမည့် ဖုန်းနံပါတ်များ ထည့်သွင်းဖော်ပြရမည်ဖြစ်ကြောင်း၊ အရောင်းဆိုင်ဝန်ထမ်းများအား တူညီဝတ်စုံ ဝတ်ဆင် စေရန်ဆောင်ရွက်ရာတွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အပြီး လိုက်နာ ဆောင်ရွက် ရမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်ခြင်းမရှိပါက ထိရောက်စွာအရေးယူ ဆောင်ရွက်သွား မည်ဖြစ်ပါသည်။ | |
| ၆ | ၂၀၁၈-ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်<br>MOEE-၁/၁၈(ကြီးကြပ်-၂)(၁၇၀၆၇)၂၀၁၈ | စက်သုံးဆီအရောင်းဆိုင်အသစ် တည်ဆောက်ဖွင့်လှစ်မည့်မြေနေရာသည် ယာဉ်သွားလာမှု ရှုပ်ထွေးသည့်နေရာများ၊ လမ်းဆုံလမ်းခွများနှင့် မီးပွိုင့်များအနီးတွင်တည်ရှိပါက အရောင်း | |

| | | | |
|---|---|---|---|
| | | ဆိုင်သို့ ဝင်ရောက်သည့်ယာဉ်များနှင့် စက်သုံးဆီအရောင်းဆိုင်မှ ပြန်လည်ထွက်ခွာသည့် ယာဉ်များကြောင့် ယာဉ်သွားလာမှုကို အနှောင့်အယှက်များဖြစ်ပေါ်စေနိုင်ခြင်း၊ယာဉ်မတော်တဆမှုများဖြစ်ပေါ်စေနိုင်ခြင်း၊ မီးပွိုင့်များတွင် ယာဉ်သွားလာမှုထိန်းချုပ်ရာတွင် အဟန့်အတားဖြစ်စေပြီး ယာဉ်သွားလာမှုကို ပိုမိုရှုပ်ထွေးပိတ်ဆို့စေခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း စိစစ်တွေ့ရှိရပါသဖြင့် အဆိုပါမြေနေရာများအား ခွင့်မပြုသင့်သည့် အရောင်းဆိုင်မြေနေရာများဖြစ်ကြောင်း အသိပေးအကြောင်းကြားခဲ့ပါသည်။ | |
| ၇ | ၂၀၁၈-ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်<br>MOEE-၁/၁၈(ကြီးကြပ်-၂)(၁၇၃၆၃)၂၀၁၈ | ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်အသစ် တည်ဆောက်ဖွင့်လှစ်ခွင့် အဆိုပြုလျှောက်ထားခြင်း အပေါ် စိစစ်ထောက်ခံခြင်းနှင့်ပတ်သက်၍ ယခင်လိုင်စင်ခွင့်ပြုပြီး/ ဆောင်ရွက်ဆဲ စက်သုံးဆီ အရောင်းဆိုင်များ၏ Density အခြေအနေနှင့် နေရာဒေသအခြေအနေအရ ထပ်မံဖွင့်လှစ်ခွင့်ပြုရန် သင့်/မသင့် မူလအဆိုပြုလျှောက်ထားစဉ်ကပင် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ဆပ်ကော်မတီများအနေဖြင့် ကွင်းဆင်းစစ်ဆေးပြီး စိစစ်ထောက်ခံတင်ပြသွားရန်နှင့် ထိုကဲ့သို့ ထောက်ခံတင်ပြမှုအပေါ် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီအစည်းအဝေးတွင် တင်ပြဆွေးနွေးသုံးသပ်ပြီး ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း တိုင်းဒေသကြီး/ ပြည်နယ်ဆပ်ကော်မတီများသို့ အကြောင်းကြားခဲ့ပါသည်။ | |
| ၈ | ၂၀၁၈-ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်<br>MOEE-၁/၁၈(ကြီးကြပ်-၂)(၁၇၃၇၃)၂၀၁၈ | ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ(၃/၂၀၁၈) ကြိမ်မြောက်အစည်းအဝေးတွင် ဓာတ်ဆီမြေပေါ်သိုလှောင်ကန်(Lလိုင်စင်)များအား ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့အပြီး ဓာတ်ဆီမြေအောက်သိုလှောင်ကန်(Kလိုင်စင်)များအဖြစ် ပြောင်းလဲတည်ဆောက်သွားရန်နှင့် ပြောင်းလဲတည်ဆောက်ခြင်းမရှိသည့် အရောင်းဆိုင်များအား စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ခြင်းအား ယာယီရပ်ဆိုင်းထားမည်ဖြစ်ပါသည်။ | |

| | | | |
|---|---|---|---|
| ၉ | ၂၀၁၈-ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်<br>MOEE-၁/၁၈(ကြီးကြပ်-၂)(၁၇၄၇၄)၂၀၁၈ | စက်သုံးဆီသယ်ယာဉ်(Bowser)နှင့် ရေယာဉ်ဆီတွဲများအားလုံးသည် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ သတ္တုတွင်းဦးစီးဌာနမှ စက်သုံးဆီသယ်ဆောင်ခွင့်ပါမစ်လျှောက်ထားရယူ၍ လုပ်ငန်းများဆောင်ရွက်ရန်နှင့် ပိုင်ရှင်မှကုန်ကျစရိတ်ကျခံ၍ Global Positioning System (GPS) စနစ် တပ်ဆင်စေပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ စောင့်ကြည့်စစ်ဆေးထိန်းသိမ်းကြပ်မတ်သွားမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာလုပ်ငန်းရှင်များသို့ ကြိုတင်အသိပေးအကြောင်းကြားပေးနိုင်ပါရန် တိုင်းဒေသကြီး/ ပြည်နယ်ဆပ်ကော်မတီများသို့ အကြောင်းကြားခဲ့ပါသည်။ | |
| ၁၀ | ၂၀၁၉-ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်<br>MOEE-၁/၁၉(ကော်မတီ-၂)(၂၁၃၄)၂၀၁၉ | နိုင်ငံတော်အတွင်း တရားမဝင်လိုင်စင်မဲ့ စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်ရောင်းချမှု တိုးမြင့်လာကြောင်း စိစစ်တွေ့ရှိရခြင်း၊ ပွင့်လင်းခြောက်သွေ့သည့်ရာသီသို့ ရောက်ရှိလာတော့မည်ဖြစ်ပြီး မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် တရားမဝင်လိုင်စင်မဲ့ စက်သုံးဆီအရောင်းဆိုင်များအား ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး လိုအပ်သလို စီမံညွှန်ကြားဆောင်ရွက်ပေးနိုင်ပါရန်နှင့် အရေးယူဆောင်ရွက်မှုအခြေအနေများအား ပြန်ကြားပေးနိုင်ပါရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ အကြောင်းကြားခဲ့ခြင်း။ | |
| ၁၁ | ၂၀၁၉-ခုနှစ်၊ ဖေဖော်ဝါရီလ၂၇ ရက်<br>MOEE-၁/၁၉(ကော်မတီ-၂)(၃၃၁၆)၂၀၁၉ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအရ တိုင်းဒေသကြီး/ပြည်နယ်များတွင် လိုင်စင်မဲ့စက်သုံးဆီအရောင်းဆိုင်များ အဆမတန်များပြားလာခြင်းကြောင့် နိုင်ငံတော်၏အခွန်ရငွေများနစ်နာခြင်း၊ မီးဘေးအန္တရာယ်ကြုံတွေ့နေရခြင်း၊ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးမှုအား စနစ်တကျထိန်းချုပ်နိုင်မှုမရှိခြင်း၊ စက်သုံးဆီအရည်အသွေး စိစစ်နိုင်မှုကျဆင်းလာခြင်း ဖြစ်ပေါ်နေသဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များအလိုက် လိုင်စင်မဲ့စက်သုံးဆီအရောင်းဆိုင်များစာရင်း၊အရေးယူဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်အရေးယူဆောင်ရွက်သွားမည့်အခြေအနေများအား ပြန်ကြားပေးပါရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ထပ်မံအကြောင်းကြားခဲ့ခြင်း။ | |
| ၁၂ | ၂၀၁၉-ခုနှစ်၊ ဧပြီလ ၄ ရက် | ပုဂ္ဂလိကစက်သုံးဆီလုပ်ငန်းရှင်များအနေဖြင့် စက်သုံးဆီတင်သွင်းသိုလှောင်ပို့ဆောင် | |

| | | | |
|---|---|---|---|
| | MOEE-၁/၁၉(ကြီးကြပ်-၂)(၅၄၉၁)၂၀၁၉ | ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများအား စနစ်တကျထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားနိုင်ရန်အတွက် စက်သုံးဆီလုပ်ငန်းဆောင်ရွက်သူများအား မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း (MPTA)သို့ အသင်းဝင်အဖြစ် မပျက်မကွက် ဝင်ရောက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်သည့်အထိ MPTA သို့အသင်းဝင်အဖြစ် ဝင်ရောက်ခြင်းမရှိသေးသည့် စက်သုံးဆီအရောင်းဆိုင်များအား စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင် သက်တမ်းတိုးခွင့် ယာယီရပ်ဆိုင်းထားမည်ဖြစ်ပြီး MPTA သို့ အသင်းမဝင်ဘဲ စက်သုံးဆီလုပ်ငန်း ဆောင်ရွက်သူများကိုလည်း စိစစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး/ပြည်နယ် ဆပ်ကော်မတီများသို့ ထပ်မံအကြောင်းကြားခဲ့ခြင်း။ | |
| ၁၃ | ၂၀၁၉-ခုနှစ်၊ ဧပြီလ ၉ ရက်<br>MOEE-၁/၁၉(ကြီးကြပ်-၂)(၅၇၈၄)၂၀၁၉ | တိုင်းဒေသကြီး/ပြည်နယ်ဆပ်ကော်မတီများမှ တင်ပြလာသည့် စက်သုံးဆီအရည်အသွေး၊ အခြင်အတွယ် ကိုက်ညီမှုနှင့်ကန်မှုမရှိသည့် စက်သုံးဆီအရောင်းဆိုင်များအား ၂၀၁၉ ခုနှစ် ဖွန်လ၃၀ရက်နေ့နောက်ပိုင်း ရှောင်တခင်စစ်ဆေးမှုများတွင် အရည်အသွေး၊အခြင်အတွယ် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက မကိုက်ညီမှုတစ်မျိုးလျှင် ဒဏ်ကြေးငွေကျပ် ၅၀၀,၀၀၀/-(ကျပ်ငါးသိန်းတိတိ)သတ်မှတ်၍ ပြစ်ဒဏ်ချမှတ်အရေးယူဆောင်ရွက်သွားရန် တိုင်းဒေသကြီး/ပြည်နယ် ဆပ်ကော်မတီများသို့ အကြောင်းကြားခဲ့ခြင်း။ | |
| ၁၄ | ၂၀၁၉-ခုနှစ်၊ မေလ ၂ ရက်<br>MOEE-၁/၁၉(ကြီးကြပ်-၂)(၆၉၂၈)၂၀၁၉ | ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ နှစ်စဉ်လိုင်စင်သက်တမ်းတိုးမြှင့်ခြင်း၊ စက်သုံးဆီအရောင်းဆိုင် အမည်ပြောင်းလဲခြင်းနှင့် ပိုင်ရှင်အမည်ပြောင်းလဲခြင်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်မှအခွန်အခများ မှန်ကန်ပြည့်ဝစွာရရှိနိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်တွင်းအခွန်များ ဦးစီးဌာန၏ သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် အခွန်စည်းကြပ်မှုပြီးစီးကြောင်း အထောက်အထား ပူးတွဲတင်ပြမှ ခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တိုင်းဒေသကြီး/ပြည်နယ် ဆပ်ကော်မတီများသို့ အကြောင်းကြားခဲ့ခြင်း။ | |

| | | | |
|---|---|---|---|
| ၁၅ | ၂၀၁၉-ခုနှစ်၊ မေလ ၆ ရက်<br>MOEE-၁/၁၉(ကြီးကြပ်-၂)(၆၉၈၃)၂၀၁၉ | တိုင်းဒေသကြီး/ပြည်နယ်ဆပ်ကော်မတီများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြည်သူများ အနေဖြင့် အရည်အသွေးပြည့်ဝပြီး အခြင်အတွယ်မှန်ကန်ကိုက်ညီစွာ အသုံးပြုနိုင်မှုအတွက် များစွာအကျိုးထိရောက်လျက်ရှိသဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးကြပါရန်နှင့် အရည်အသွေးအခြင်အတွယ် မပြည့်မီမမှန်ကန်သောအရောင်းဆိုင်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများပြုလုပ်သလို အရည်အသွေးအခြင်အတွယ် ပြည့်မီမှန်ကန်သော အရောင်းဆိုင်များကိုလည်း အရည်အသွေးနှင့်အခြင်အတွယ် ပြည့်မီမှန်ကန်နေစေရန် အလေးထားဆောင်ရွက်ကြစေရေး လိုအပ်သလို အသိပေးစည်းရုံးဆောင်ရွက်နိုင်ပါရန် တိုင်းဒေသကြီး/ပြည်နယ်ဆပ်ကော်မတီများသို့ အကြောင်းကြားခဲ့ခြင်း။ | |
| ၁၆ | ၂၀၁၉-ခုနှစ်၊ မေလ ၂၄ ရက်<br>MOEE-၁/၁၉(ကြီးကြပ်-၂)(၈၂၀၇)၂၀၁၉ | စက်သုံးဆီအရည်အသွေးနှင့်စပ်လျဉ်း၍ မှန်ကန်စိတ်ချစွာရောင်းချနိုင်ရေး အောက်ဖော်ပြပါ အတိုင်း လိုက်နာဆောင်ရွက်ရန် တိုင်းဒေသကြီး/ပြည်နယ်ဆပ်ကော်မတီများသို့ အကြောင်းကြား ခဲ့ခြင်း-<br>(၁) ရောင်းသူကုမ္ပဏီကိုယ်စားလှယ်၊ Bowser ယာဉ်မောင်းနှင့် ဝယ်သူအရောင်းဆိုင် ကိုယ်စားလှယ်တို့၏ရှေ့မှောက်တွင် Bowser ယဉ်သို့ ဖြည့်တင်းပေးမည့် စက်သုံးဆီ နမူနာအား ရယူချိတ်ပိတ် လက်မှတ်ရေးထိုး မှတ်တမ်းတင်သိမ်းဆည်းထားရန်။<br>(၂) သက်ဆိုင်ရာအရောင်းဆိုင်သို့ Bowserရောက်ရှိပါက ဆီမချမီ ရောင်းသူ ကုမ္ပဏီ ကိုယ်စားလှယ်၊ Bowser ယာဉ်မောင်းနှင့် ဝယ်ယူသူအရောင်းကိုယ်စားလှယ်တို့၏ ရှေ့မှောက်တွင် စက်သုံးဆီအား နမူနာချိတ်ပိတ် လက်မှတ်ရေးထိုး မှတ်တမ်းတင် သိမ်းဆည်းထားရန်။<br>(၃) အထက်ဖော်ပြပါ နမူနာစက်သုံးဆီနှစ်မျိုးအား မျက်မြင်တိုက်ဆိုင် စစ်ဆေးကြည့်ရှု စစ်ဆေးဆောင်ရွက်သွားရန်နှင့် လိုအပ်ပါက ဓာတ်ခွဲခန်းသို့ ပေးပို့စမ်းသပ် စစ်ဆေး ဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်သည့်အချိန်ကာလတစ်ခုအထိ ထိန်းသိမ်း ထားရန်။ | |

| | | | |
|---|---|---|---|
| ၁၇ | ၂၀၁၉-ခုနှစ်၊ ဇွန်လ ၁၄ ရက်<br>MOEE-၁/၁၉(ကြီးကြပ်-၂)(၉၅၉၄)၂၀၁၉ | ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များအားလုံးနှင့် စက်သုံးဆီလုပ်ငန်းဆောင်ရွက်နေသော ပုဂ္ဂလိလုပ်ငန်းရှင်၊ ကုမ္ပဏီအဖွဲ့အစည်းများအားလုံး ၂၀၁၉ ခုနှစ်၊ ဇွန်လ၃၀ရက်နေ့မတိုင်မီ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း (MPTA) သို့ အသင်းဝင်အဖြစ် မပျက်မကွက်ဝင်ရောက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်သည်အထိ MPTAသို့ အသင်းဝင် အဖြစ် ဝင်ရောက်ခြင်းမရှိသေးသည့် စက်သုံးဆီအရောင်းဆိုင်များအား စက်သုံးဆီဖြန့်ဖြူး ရောင်းချခွင့်လိုင်စင် သက်တမ်းတိုးခွင့် ယာယီရပ်ဆိုင်းထားမည်ဖြစ်ပြီး MPTA သို့ အသင်းမဝင်ဘဲ စက်သုံးဆီလုပ်ငန်းဆောင်ရွက်သူများကိုလည်း စိစစ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လိုအပ်သလို ထပ်မံအသိပေးအကြောင်းကြားရန် တိုင်းဒေသကြီး/ပြည်နယ်ဆပ်ကော်မတီ များသို့ ထပ်မံအကြောင်းကြားခဲ့ခြင်း။ | |
| ၁၈ | ၂၀၁၉-ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်<br>MOEE-၁/၁၉(ကြီးကြပ်-၂)(၁၅၆၁၅)၂၀၁၉ | တိုင်းဒေသကြီး/ပြည်နယ်ဆပ်ကော်မတီများ၏ ရှောင်တခင်စစ်ဆေးမှုများကြောင့် စက်သုံးဆီ အရည်အသွေး၊ အခြင်အတွယ် ယခင်ကထက် ပိုမိုမှန်ကန်ကိုက်ညီမှုရှိလာသော်လည်း အချို့စက်သုံးဆီအရောင်းဆိုင်များအနေ၏ဖြင့် စက်သုံးဆီအရည်အသွေး၊ အခြင်အတွယ် မှန်ကန်ကိုက်ညီမှုမရှိကြောင်း စိစစ်တွေ့ရှိနေရသေးသဖြင့် စက်သုံးဆီအရည်အသွေး၊ အခြင်အတွယ် မှန်ကန်ကိုက်ညီမှုများ လျော့နည်းပပျောက်ပြီး အများပြည်သူမှ စက်သုံးဆီ အရည်အသွေး၊ အခြင်အတွယ် မှန်ကန်ကိုက်ညီစွာ ရာနှုန်းပြည့်သုံးစွဲနိုင်ရန် ရည်ရွယ်၍ ၂၀၁၉ခုနှစ်ဇွန်လ ၃၀ ရက်နေ့နောက်ပိုင်း ရှောင်တခင်စစ်ဆေးမှုများတွင် အရည်အသွေး၊ အခြင်အတွယ် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက မကိုက်ညီမှုတစ်မျိုးလျှင် ဒဏ်ကြေးငွေကျပ်၁,၀၀၀,၀၀၀/-(ကျပ်တစ်ဆယ်သိန်းတိတိ) သတ်မှတ်၍ ပြစ်ဒဏ်ချမှတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး/ ဆပ်ကော်မတီများသို့ အကြောင်းကြား ခဲ့ခြင်း။ | |

<table>
<tr>
<td>၁၉</td>
<td>၂၀၂၀-ပြည့်နှစ်၊ ဇန်နဝါရီလ ၁၅ ရက်<br>MOEE-၁/၂၀(ကြီးကြပ်-၂)(၈၇၆)၂၀၂၀</td>
<td>ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းများရှိ စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ်ကိုက်ညီမှန်ကန်မှုရှိ/မရှိအား Mobile Fuel Lab ယာဉ်များဖြင့် ရှောင်တခင် စစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများ ကိုက်ညီမှန်ကန်မှုမရှိပါက ပြစ်ဒဏ်ချမှတ် အရေးယူဆောင်ရွက်သကဲ့သို့ ကိုက်ညီမှန်ကန်မှုရှိပါကလည်း ကိုက်ညီမှန်ကန်ကြောင်း ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းများသို့ အကြောင်းကြားစာ ထုတ်ပြန်ပေးပို့ရာတွင် စစ်ဆေးသည့်ရက်စွဲ၊ ဓာတ်ခွဲစမ်းသပ်တွေ့ရှိချက် Resultများကို ထည့်သွင်းဖော်ပြလျက် အများပြည်သူမှ သိသာထင်ရှားစွာမြင်တွေ့နိုင်ရန် သက်ဆိုင်ရာ စက်သုံးဆီအရောင်းဆိုင်/သိုလှောင်ကန်စခန်းများများတွင် Bill Board များ၊ ကြော်ငြာသင်ပုန်း များတွင် အသိပေးကြေညာနိုင်ပါကြောင်းဟု ဖြည့်စွက်ထုတ်ပြန်ပေးရန် တိုင်းဒေသကြီး/ ပြည်နယ်ဆပ်ကော်မတီများသို့ အကြောင်းကြားခဲ့ခြင်း။</td>
<td></td>
</tr>
<tr>
<td>၂၀</td>
<td>၂၀၂၀-ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်<br>MOEE-၁/၂၀(ကြီးကြပ်-၂)(၁၁၀၅၆ )၂၀၂၀</td>
<td>စက်သုံးဆီအရောင်းဆိုင်အသစ်များနှင့် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များ၊ သိုလှောင်ကန် စခန်းများနှင့်ရေနံသဘာဝဓာတ်ငွေ့ပိုက်လိုင်းများအကြား အောက်ဖော်ပြပါ ဘေးကင်းလုံခြုံမှု အကွာအဝေးသတ်မှတ်ချက်များအား သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးချက်အရ ပြင်ဆင်သတ်မှတ်ခဲ့သည့် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းနှင့် စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပ ဘေးကင်းလုံခြုံရေးအကွာအဝေးသတ်မှတ်ချက်များနှင့် ဘေးအန္တရာယ်မကျ ရောက်စေရေး လိုက်နာရမည့်စည်းကမ်းချက်များအား တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ် ဆပ်ကော်မတီများသို့အကြောင်းကြားစာပေးပို့ခဲ့ခြင်း-
<table>
<tr><th>စဉ်</th><th>ပို့လွှတ်ဖိအား<br>(Psi)</th><th>ရေနံသဘာဝဓာတ်ငွေ့<br>ပိုက်လိုင်းအရွယ်အစား</th><th>အနည်းဆုံးသတ်မှတ်<br>အကွာအဝေး</th></tr>
<tr><td>၁</td><td>၁၂၈၀</td><td>၄၀ လက်မ</td><td>၁၀၀၀</td></tr>
<tr><td>၂</td><td>၁၂၈၀</td><td>၃၆ လက်မ</td><td>၉၀၀</td></tr>
<tr><td>၃</td><td>၁၂၈၀</td><td>၃၂ လက်မ</td><td>၈၀၀</td></tr>
<tr><td>၄</td><td>၁၂၈၀</td><td>၃၀ လက်မ</td><td>၇၃၀</td></tr>
<tr><td>၅</td><td>၁၂၈၀</td><td>၂၈ လက်မ</td><td>၇၀၀</td></tr>
<tr><td>၆</td><td>၁၀၅၀</td><td>၂၄ လက်မ</td><td>၅၅၀</td></tr>
<tr><td>၇</td><td>၈၀၀</td><td>၂၀ လက်မ</td><td>၄၀၀</td></tr>
<tr><td>၈</td><td>၈၀၀</td><td>၁၈ လက်မ</td><td>၃၆၀</td></tr>
<tr><td>၉</td><td>၆၀၀</td><td>၁၆ လက်မ</td><td>၂၈၀</td></tr>
<tr><td>၁၀</td><td>၃၉၀</td><td>၁၄လက်မမှ ၁၀ လက်မ</td><td>၂၀၀</td></tr>
<tr><td>၁၁</td><td>၃၅၀-၃၀၀</td><td>၈ လက်မမှ ၄ လက်မ</td><td>၁၅၀</td></tr>
</table>
</td>
<td></td>
</tr>
</table>

| | | | |
|---|---|---|---|
| ၂၁ | ၂၀၂၀-ပြည့်နှစ်၊ မတ်လ ၁၀ ရက်<br>MOEE-၁/၂၀(ကြီးကြပ်-၂)(၄၁၆၁ )၂၀၂၀ | တိုင်းဒေသကြီး/ပြည်နယ်ဆပ်ကော်မတီများမှ တင်ပြလာသည့် စက်သုံးဆီအရည်အသွေး၊ အခြင်အတွယ် ကိုက်ညီမှန်ကန်မှုမရှိသည့် စက်သုံးဆီအရောင်းဆိုင်များအား မကိုက်ညီမှု တစ်မျိုးအတွက် ၃၀ - ၆-၂၀၁၉ ရက်နေ့တွင် စီမံခန့်ခွဲရေးနည်းလမ်းအရ ဒဏ်ကြေးငွေကျပ် ၅၀၀,၀၀၀/-(ကျပ်ငါးသိန်းတိတိ)သတ်မှတ်၍ ပြစ်ဒဏ်ချမှတ်အရေးယူဆောင်ရွက်သွားရန်နှင့် ၁-၇-၂၀၁၉ ရက်နေ့မှ ၃၁-၁၂-၂၀၁၉ ရက်နေ့အထိ မကိုက်ညီမှုတစ်မျိုးလျှင် ဒဏ်ကြေးငွေကျပ် ၁,၀၀၀,၀၀၀/-(ကျပ်တစ်ဆယ်သိန်းတိတိ)သတ်မှတ်၍ ပြစ်ဒဏ်ချမှတ်အရေးယူ ဆောင်ရွက်သွားရန် အကြောင်းကြားခဲ့ပြီး ၂၀၂၀ပြည့်နှစ် ဇန်နဝါရီလ၁ရက်နေ့မှစတင်၍ စက်သုံးဆီအရည်အသွေး၊ အခြင်အတွယ် ကိုက်ညီမှန်ကန်မှုမရှိသည့် စက်သုံးဆီအရောင်းဆိုင်များအား ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာလုပ်ငန်းရှင်များသို့ အသိပေးအကြောင်းကြားဆောင်ရွက်ရန် တိုင်းဒေသကြီး/ပြည်နယ်ဆပ်ကော်မတီများသို့ အကြောင်းကြားခဲ့ခြင်း။ | |